## ၄၇။ အကြံကြီးသော ကိုရင်

တောရွာဘုန်းကြီးကျောင်းတစ်ကျောင်း၌ ကိုရင်ကြီးတစ်ပါးနှင့် ကျောင်းသားတစ်ယောက်ရှိသည်။ ကိုရင်ကြီးသည် ကျက်သရေခန်းတွင် ချိတ်ဆွဲထားသော တင်လဲရည်အိုးကို မျက်စိကျနေသည်။ စားချင်လှ၍ သွားရည်တကျကျဖြစ်နေသည်။ သို့သော် ဘုန်းတော်ကြီးကိုကြောက်၍ နိုးလည်းမစားရဲပေ။ နိုးစားပါလျှက် မနိုးပါဟုပြောပါက 'လိင်ကျမည်' ဟု သိထားဖူးသဖြင့် မြင်ရုံသာမြင်ရ မကြင်ရတင်လဲရည် ဖြစ်နေသည်။

တစ်နေ့တွင် ကိုရင်ကြီးအကြံတစ်ခုရလာသည်။ ကောင်းသော အကြံဖြစ်သဖြင့် တင်လဲရည်စားရတော့မည် သေချာသည်။ ကိုရင်ကြီးသည် ချက်ချင်း ကျောင်းသားထံပြေးပြီး ခေါင်းချင်းရိုက်တိုင်ပင်၍



နှစ်ဦး သဘောတူလိုက်ကြသည်။

ဘုန်းတော်ကြီး တခြားသို့ကြွသွားသောအခါ အကြံရှင်နှစ်ဦးသည် တင်လဲရည်အိုး မနီးမဝေး၌ ကိုရင်ကြီး၏ကုတ်ပေါ် ကျောင်းသားကခွတက်ပြီး တင်လဲရည်အိုးဆီ သွားကြသည်။ ကိုရင်ကြီးက မော့မကြည့်မိအောင်ထိန်း၍ ကျောင်းသားကလည်း ကြမ်းပြင် ခြေမထိမိအောင် ကြိုးစားကာ တင်လဲရည်များခပ်ယူကြသည်။ ရလျှင် တစ်နေရာသွား၍ အားရပါးရ စားတော်ခေါ်လိုက်ကြသည်။

နောက်တစ်နေ့တွင် ဘုန်းတော်ကြီးသည် တင်လဲရည် ဘုန်းပေးရန် ကြည့်သောအခါ တင်လဲရည်များ တော်တော်လျော့နေသည်ကို တွေ့ရသဖြင့် စောရဉ်းစီး ကိုရင်ကြီးနှင့် ကျောင်းသားတို့ကို ခေါ်ယူစစ်မေးတော့သည်။ ထိုအခါ ကိုရင်ကြီးက ခေါနှင့်မာန်နှင့် 'တပည့်တော်တော့ အရှင်ဘုရားတင်လဲအိုးကို မော့တောင်မကြည့်မိပါ' ဟု လျှောက်ထားပြီး မောင်ကျောင်းသားကလည်း 'တပည့်တော်တော့ အရှင်ဘုရားတင်လဲရည်အိုးနား ခြေတောင်မချပါဘုရား' ဟု ဖြေလိုက်သဖြင့် ဘုန်းတော်ကြီးမှာ လက်လျှော့လိုက်ရတော့သည်။